စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

ရုံးအမှတ်(၃၄)၊ နေပြည်တော်

**အငယ်တန်းစာရေးရာထူး(၁၅)နေရာအတွက် ရေးဖြေ ဖြေဆိုရမည့်နေ့ရက်အား**

# အသိပေးကြော်ငြာခြင်း

၁။ ၂၇-၈-၂၀၂၀ ရက်စွဲဖြင့် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာပါ ဖြေဆိုရန် ခေတ္တဆိုင်းငံ့ထားသော ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းစာရေး ရာထူး (၁၅)နေရာ အတွက် ရေးဖြေစာမေးပွဲအား ၃၀-၁၀-၂၀၂၁ရက် (စနေနေ့) တွင် နံနက် ၉:၀၀ နာရီ မှ ၁၁:၀၀ နာရီအထိ အင်္ဂလိပ်စာနှင့် မြန်မာစာဘာသာရပ် အား စစ်ဆေးသွားမည် ဖြစ်ပါသည်။

၂။ စာမေးပွဲဖြေဆိုရာတွင် နေပြည်တော်တွင် ဖြေဆိုရမည့်သူများအနေဖြင့် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၄) နေပြည်တော်တွင်လည်းကောင်း၊ နယ်မှဖြေဆိုမည့် သူများအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များရှိ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေး ရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများတွင်လည်းကောင်း ဖြေဆိုရမည်ဖြစ်သည်။

၃။ ဖြေဆိုခွင့်ကဒ်ပြားများကို ရုံးအမှတ်(၃၄)၊နေပြည်တော်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ရုံး စာဖြေဌာနများတွင် (၂၅-၁၀-၂၀၂၁မှ ၂၇-၁၀-၂၀၂၁အထိ) ရုံးချိန်အတွင်း မှတ်ပုံတင်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား(မူရင်း) ပြသ၍ လူကိုယ်တိုင်သွားရောက်ထုတ်ယူနိုင်ပါသည်။

၄။ ဖြေဆိုခွင့်ရရှိသူများ၏ အမည်နှင့်ခုံအမှတ်အား ဝန်ကြီးဌာန၏ Website https://www.mopfi.gov.mm နှင့် ဌာန၏ Website https://www.frd.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် နေပြည်တော်၀၆၇-၃၄၁၀၂၄၂ နှင့် ၀၆၇- ၃၄၁၀၀၄၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။